


# စကားနည်း၍ အလုပ်လုပ်သော ပင့်ကူကလေး




# စကားနည်း၍ အလုပ်လုပ်သော
# ပင့်ကူကလေး




တစ်ခါတုန်းက နေမင်းကြီးထွက် လာပြီး လေလည်းတိုက်နေတဲ့ နံနက်ခင်းမှာပေါ့ကွယ်။ ပင့်ကူလေး တစ်ကောင်ဟာ လေနဲ့အတူ လွင့်ပါ လာပြီး မွေးမြူရေးခြံတစ်ခြံရဲ့ ခြံစည်းရိုးအနားကို ကျသွားတယ်။



အဲဒီခြံစည်းရိုးမှာ ပင့်ကူလေးဟာ သူ့ရဲ့အိမ်ကို ပိုက်ကွန်ပုံစံမျိုး စတင် ရက်လုပ်တော့တယ်။




အဲဒီအချိန်မှာ မြင်းတစ်ကောင် ရောက်လာပြီး 'ဟီး ဟီး ... မြင်းစီး မလား' လို့ မေးတယ်။




ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကို ဆက်ပြီး ရက်လုပ်နေတယ်။




အဲဒီနောက် နွားမကြီး ရောက်လာပြီး ‘ဘွတ်အဲ ဘွတ်အဲ … မြက်စိမ်းစိမ်းနဲ့ ကောက်ရိုးစားမလား’ လို့ မေးလာပြန်တယ်။



ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကိုပဲ ဆက်ပြီးရက်လုပ်နေတယ်။



အဲဒီနောက် သိုးတစ်ကောင်ရောက်
လာပြီး 'အဲ အဲ အဲ ... မြက်ခင်း
စိမ်းစိမ်းရှိတဲ့ဆီကို လိုက်မလား'
ဆိုပြီး လာမေးပြန်တယ်။




ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကိုပဲ ဆက်ပြီးရက်လုပ်နေတယ်။




အဲဒီနောက် ဆိတ်တစ်ကောင်
ရောက်လာပြီး 'ပဲ ပဲ ပဲ ... ကွင်းပြင်
မှာ သွားခုန်ရအောင် လိုက်မလား'
ဆိုပြီး လာမေးပြန်တယ်။




ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကိုပဲ ဆက်ပြီးရက်လုပ်နေတယ်။



အဲဒီနောက် ဝက်မကြီး ရောက်လာပြီး ‘ငွတ် ငွတ် ငွတ် … ကျွန်မတို့နဲ့အတူ ရှုံ့ဗွက်လူးရအောင်’ ဆိုပြီး လာခေါ်တယ်။




ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကိုပဲ ဆက်ပြီးရက်လုပ်နေတယ်။



အဲဒီနောက် ခွေးတစ်ကောင် ရောက်လာပြီး 'ဝုတ် ဝုတ် ဝုတ် … ကြောင်သွားလိုက်ရအောင်'ဆိုပြီး လာခေါ်တယ်။




ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကိုပဲ ဆက်ပြီးရက်လုပ်နေတယ်။



အဲဒီနောက် ကြောင်တစ်ကောင် ရောက်လာပြီး 'ညောင် ညောင် ညောင် ... ခဏအိပ်ရအောင်' လို့ လာပြောတယ်။




ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကိုပဲ ဆက်ပြီးရက်လုပ်နေတယ်။



အဲဒီနောက် ဘဲမကြီး ရောက်လာ
ပြီး ‘ဂတ် ဂတ် ဂတ် ... ကန်ထဲရေသွား
ကူးရအောင်’ လို့ လာပြောပြန်တယ်။




ပင့်ကူလေးဟာ အိမ်ကို ဆက်မရက်တော့ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူရဲ့ပိုက်ကွန်ထောင်ချောက်အိမ်လေး ပြီးစီးသွားပြီကိုး။



နောက်ဆုံးတော့ ကြက်ဖကြီး
ရောက်လာပြီး 'အောက်အီးအီးအွတ် ...
အရမ်းဆိုးတဲ့ ဒီယင်ကောင်လေးကို
မဖမ်းချင်ဘူးလား' လို့ လာမေးတယ်။



ပင့်ကူကလေးဟာ ငြိမ်ငြိမ်လေးပဲ နေနေပြီး 'ရွတ်' ဆို ယင်ကောင်လေးကို ထောင်ချောက်ထဲ ဖမ်းလိုက်ပါလေရောတဲ့ကွယ်။



ခဏကြာတော့ ညမှောင်လာပြီး ဇီးကွက် ရောက်လာတယ်။ 'ကွက်ကွက် ... ဒီလောက်လှတဲ့ ပင့်ကူအိမ်လေး ဘယ်သူလုပ်ထားတာလဲ' လို့ မေးတယ်။ ပင့်ကူလေးဟာငြိမ်နေတယ်။ ပင့်ကူလေး အိပ်နေပြီပဲ။ ပင့်ကူလေးအတွက် အလုပ်များတဲ့ နေ့တစ်နေ့ပေါ့ကွယ်။





ကာတွန်းသရုပ်ဖော် ဇော်ဝိတ်
ဂရပ်ဖစ်ဒီဇိုင်း ဇေဖြိုး

unicef

ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။
ရောင်းချရန် မဟုတ်ပါ။